
စိတ်ကူးချိုချိုအနုပညာ

# တုမနှိုင်းသာသည့်အမေ

နှင့်

# မြန်မာ့ရိုးရာပုံပြင်များ

မင်္ဂလာချင်အောင်



mgyoe.com

ဒုတိယအကြိမ်


mgyoe.com

# တုမနှိုင်းသာသည့်အမေ

နှင့်

## မြန်မာ့ရိုးရာပုံပြင်များ

မင်္ဂလာချင်အောင်



SPK0022

1,500.00 KS

mgyoe.com

တုပနှိုင်းသာသည့်အမေနှင့်မြန်မာ့ရိုးရာပုံပြင်များ   မင်္ဂလာစျင်အောင်
မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် - ဗိုသံ
စာမျက်နှာ ၁၁၄ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဧပြီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၅ မြတ်ပန်းရဂုံစာပေ၏ ပထမအကြိမ်မှ။

ဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# တုမနိုင်းသာသည့်အမေ နှင့် မြန်မာ့ရိုးရာပုံပြင်များ

## မင်္ဂလာစျင်အောင်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မရူးမကောင်း လူမိုက်များ | ၁ |
| ၂။ | တုမနိုင်းသာသည့် အမေ | ၉ |
| ၃။ | မြေခွေးတစ်ကောင် | ၁၇ |
| ၄။ | စာတိုညို | ၂၅ |
| ၅။ | မြင်းတွင် ဘာ့ကြောင့်ချိုမရှိ | ၃၇ |
| ၆။ | ပညာရှင် မင်းတရားကြီး | ၄၅ |
| ၇။ | နတ်ပြည်ရောက် ကြွက်ကလေး | ၅၅ |
| ၈။ | ကုန်းသမားကို သတိထား | ၆၃ |
| ၉။ | ညီညီညွှတ်ညွှတ်ဖြင့် | ၇၁ |
| ၁၀။ | အဖြူနှင့် အမည်း | ၇၉ |
| ၁၁။ | ကျန်းခံ့သာ၍ မာသောဆေး | ၈၅ |
| ၁၂။ | အားကောင်းမောင်းသန် တို့ညီနောင် | ၉၃ |
| ၁၃။ | အိမ်ပြေးကြောက်သည့် ဂါထာ | ၁၀၁ |


❒

mgyoe.com

mgyoe.com
mgyoe.com


mgyoe.com

"သည်းခံကြပါခင်ဗျာ၊
ထမင်းစားရအောင်လို့ လုပ်မိတာပါ"
"ထမင်းစားချင်ရင် အခုလို မင်္ဂလာပွဲမှာ
နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်တင့်တယ်
ကျက်သရေ ရှိပါပေတယ်။
သတို့သမီးက ချော၊ သတို့သားက လှတယ်
ဘာညာပြောရတယ်ဟဲ့"

[ မရှုးမကောင်း လူမိုက်များ ]

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## မရှုးမကောင်း လူမိုက်များ

ရှေးလွန်လေပြီးသောအခါ ရွာတစ်ရွာတွင် လူမိုက်ကြီး လေး ယောက်ရှိခဲ့လေသည်။ သူတို့အမည်များမှာ ခေါင်းကြီးနှင့် စေပ်၊ ပေ၊ ငရှည်ဟူ၍ ဖြစ်ပေသည်။ သို့ရာတွင် မည်သူကမျှ သူတို့၏ အမည် ရင်းကို မခေါ်ကြ။ လူမိုက်ကြီး လေးယောက်ဟူ၍သာ ပေါင်းရုံး ခေါ်ဝေါ် ကြသည်။ ထိုသို့ခေါ်ဝေါ်ခြင်းမှာ ကောင်းဆိုးမှားမှန် ဝေဖန် သုံးသပ် ဆင်ခြင်တုံတရား ကင်းမဲ့လွန်းသောကြောင့်ပေတည်း။

တစ်နေ့သ၌ အမယ်အိုတစ်ဦးသည် သူတို့လေးယောက်ကို သနားသည့်အတွက် အလုပ်တစ်ခု အလုပ်ခိုင်းသည်။ အလုပ်မှာ အိမ်ပြင် ရှိ သက်ငယ်စည်းများကို အိမ်ဝိုင်းတွင်းသို့ ပြောင်းရွှေ့စုပုံရန် ဖြစ်ပေ၏။ သို့ကြောင့် လေးယောက်သည် ရှေ့နောက် စီတန်းပြီး သက်ငယ်စည်းတွေ ထမ်းလာကြ၏။

ရှေ့ဆုံးမှ ငရှည်က မေး၏။

"အမေကြီး၊ ဘယ်မှာ ချရမှာလဲ"

"ဟောသည် သစ်တုံးပေါ် ချဟဲ့"

"အမယ်အို ညွှန်ပြသော သစ်တုံးပေါ်တွင် ငရှည်က သက်ငယ်

mgyoe.com

mgyoe.com


စည်း ချသွားလျှင် ခေါင်းကြီးလည်း လိုက်လံချထားရုံရှိ၏။

"အမေကြီး၊ သက်ငယ်စည်း ဘယ်မှာ ချရမှာလဲ"

"ငရှည် ချသွားတဲ့နေရာမှာ ချထားဟဲ့"

"အမေကြီး၊ ဘယ်မှာ ချရမလဲ ဟင်"

"ခေါင်းကြီး ချသွားတာ မမြင်ဘူးလားဟဲ့"

"အမေကြီး၊ အသက်ငယ်စည်း ဘယ်မှာ ထားရမတုံး"

"ရှေ့ကလူတွေ ချသွားတာ မမြင်ဘူးလားဟဲ့"

တစ်ခဏအကြာတွင် ပထမဆုံးချသွားသည့် ငရှည် ရောက်လာ၏။ ယခင်နေရာတွင် မချသေးပေ။

"အမေကြီး၊ သက်ငယ်စည်း ဘယ်မှာ ချရမတုံး"

"ငါ့ခေါင်းပေါ်မှာ ချဟေ့၊ ငါ့ ခေါင်းပေါ်"

စိတ်ပေါက်ပေါက်ဖြင့် ရွဲ့ပြောသည်ကို မသိပါ။ အမှန်ပင် အမယ်အို၏ ခေါင်းပေါ်သို့ သက်ငယ်စည်းကို ပစ်ချလိုက်ရာ ထို တစ်စည်းဖြင့်ပင် အမယ်အို အသက်ပျောက်လေ၏။ သို့ရာတွင် နောက်လူသုံးယောက်ကလည်း အမယ်အို အပေါ်မှာပင် ပစ်ချကြပြန်လေ သည်။

တစေ့တစောင်း အကဲခတ်နေသော ရွာသားများ ပြေးလာ သော်လည်း အမယ်အို၏ အသက်ကို မကယ်နိုင်တော့ပါ။ မရူး မကောင်းများအား လူသတ်မှုဖြင့် တရားစွဲရန်ထက် အလောင်းမြေကျ ရန်က ပို၍ အရေးကြီးသည်။ သို့အတွက် ခေါင်းပျဉ်ခွဲရန်အတွက် လူမိုက်ကြီး လေးယောက်ကို တောထဲသို့ သစ်ပင်အခုတ် လွှတ်လိုက် ကြလေ၏။

လူမိုက်ကြီး လေးယောက်သည် လူသွားလမ်းဘေးရှိ သစ်ပင် ကြီးတစ်ပင်ကို ခုတ်လှဲကြသည်။ ခုတ်ရာမပြတ်သေး၍ သစ်ပင် မလဲပါ။

mgyoe.com

mgyoe.com


သို့သော် ငစပ်က အကြံကောင်းတစ်ခုပေးသည်။

"ဟေ့...လေတိုက်မှ သစ်ပင် မြန်မြန်လဲမှာကွ၊ သစ်ပင်ထိပ်ဖျား တက်ပြီး တစ်ယောက်က လေချွန်ကွာ"

ထိုအခါ ခေါင်းကြီးက သစ်ပင်ပေါ်တက်ပြီး လေချွန်သည်။ သစ်ပင်လဲခါနီးသော်လည်း ပြေးဆင်းမလာပေ။ သို့ဖြင့် သစ်ပင်လဲအကျတွင် ခေါင်းကြီးလည်း သစ်ပင်ပိပြီး သေလေသည်။

ကျန်သော ငစပ်နှင့် ငရှည်၊ ငပုတို့သည် ခေါင်းကြီး သေသည်ဟု မသိ။ အိပ်ပျော်နေသည် ထင်သဖြင့် ခေါင်းကြီးအားတွင် ထိုင်စောင့်နေကြသည်။ မကြာမီ ခေါင်းကြီး၏ ရုပ်ကလာပ်မှ အပုပ်နံ့ ထွက်လာပြီ။ လူမိုက်ကြီး သုံးယောက်ကား ထိုင်ပြီး စောင့်မြဲ စောင့်နေကြဆဲသာ။

မကြာမီ ခရီးသွားတစ်ယောက် ရောက်လာသည်။

"အဆွေတို့၊ ဘာထိုင်လုပ်နေကြတာတုံး"

"ကျုပ်တို့ သူငယ်ချင်း အိပ်နေလို့ သူ နိုးချိန်ကို စောင့်နေတာပါ"

ခရီးသွားမှာ ငိုရအခက်၊ ရယ်ရအခက် ဖြစ်သွားသည်။

"အိပ်နေတာ မဟုတ်ဘူး လူမိုက်တွေရဲ့၊ အဲဒါ သေနေတာ။ ပုပ်စော်တောင် နံနေပါပြီကော"

ထိုအခါမှ လူမိုက်ကြီးသုံးယောက်သည် ခေါင်းကြီး၏ အလောင်းကို မြေမြှုပ်ပစ်ခဲ့ပြီး ထွက်ခွာလာခဲ့ကြလေ၏။ ထိုသို့ လာကြစဉ် သူတို့ထဲမှ တစ်ယောက်က တိတ်တဆိတ် ကျိတ်ပြီး လေလည်သည်။ ထိုလေပုန်းနံ့ကို သုံးယောက်လုံး ပြိုင်တူရသည်။

"ဟာ...ငါတို့လည်း ပုပ်နေပြီဟ၊ ပုပ်ရင် သေလို့သာ ဖြစ်ရမယ်"

သုံးယောက်စလုံး လှည်းလမ်းကြောင်းပေါ်တွင် လှဲအိပ်လိုက်ကြတော့သည်။ မကြာမီ ဆင်တစ်စီး ရောက်လာသည်။

"လှည်းလမ်းပေါ်က လူတွေ ဖယ်ကြနော်...ဖယ်ကြ၊ ဆင်

mgyoe.com

mgyoe.com


လာနေတယ်"

"မဖယ်နိုင်ဘူးဗျို့၊ ကျုပ်တို့က လူသေကောင်တွေ"

ရှေ့ည်က ပြန်အော်သည်။ ဆင်ဦးစီးသည် အကြိမ်ကြိမ်အော်၍ မရသည့်အဆုံး၌ ဆင်ပေါ်မှ ပြေးဆင်းလာသည်။ စေပ်ကို ချွန်းဖြင့် ထိုးသည်တွင် စေပ် ထထိုင်လေသည်။ ရှေ့ည်နှင့် ပေုလည်း လန့်ဖျပ်ပြီး ထထိုင်သည်။

"မိတ်ဆွေရဲ့ပစ္စည်းဟာ တယ်ပြီး စွမ်းပါကလား၊ လူသေတွေ ထထိုင်နိုင်အောင် လုပ်နိုင်တယ်။ ကျုပ်တို့ရဲ့ လှူ၊ ရဲတင်းနဲ့ လဲပါလား"

ဆင်ဦးစီး၏ချွန်းမှာ ရဲတင်းတစ်လက်၏ တန်ဖိုးထက်ဝက်ပင် မရှိ။ ယခု လှူကြီးပင် အပိုရသောအခါ ဝမ်းသာအားရ လဲလှယ်ပြီး ဆင်စီးလျက် ထွက်ခွာသွားလေ၏။ လူမိုက်ကြီးသုံးယောက်မှာ သေသူ ကို ရှင်စေသော လက်နက်ဆန်းရသဖြင့် ဝမ်းသာအားရ လာခဲ့ကြရာ မူရင်းရွာသို့မရောက်ဘဲ အခြားရွာတစ်ရွာသို့ ရောက်သွားကြလေ၏။

ထိုရွာတွင် အသုဘတစ်ခု ရှိသည်။ သေသူ၏ ဆွေမျိုးများ ဆူညံစွာ ငိုကြွေးနေရာသို့ ဝင်သွားပြီး အသုဘကို ချွန်းဖြင့် ပေါက်လေ ၏။

"ရောဂါဝေဒနာ ခံစားပြီး သေသွားတာ အားမရလို့ ရုပ်ပျက် ဆင်းပျက်ဖြစ်အောင် ချွန်းနဲ့ ပေါက်ရသလားဟဲ့"

ရပ်သူရွာသားများက သူတစ်ချက်၊ ငါတစ်ချက် ဝိုင်းဝန်း ရိုက် နှက်ကြလေ၏။

"ထမင်းဆာလို့ပါဗျာ၊ အဲဒါကြောင့် သေသူကို ရှင်အောင် လုပ်မိတာပါ"

လက်ကားယား ခြေကားယားဖြင့် ရိုက်ချက်များကို ကာကွယ် နေသော စေပ်က ရှင်းပြ၏။

mgyoe.com

mgyoe.com


"ထမင်းဆာရင် ကာယကံရှင် စေတနာရှိအောင် လုပ်ရသဟဲ့။ ဥပမာအားဖြင့် အသုဘတွေ့ရင် ဘကြီးတန် ဘကြီးရဲ့။ တူမတန် တူမရဲ့ အော်ဟစ်ပြီး ရောနှော ငိုရတယ်"

"နို့... သိမှ သိပဲကိုး၊ အမယ်လေး... တူမရဲ့ အသေစောလေခြင်းကွယ့်"

ငစပ်က စတင်ငိုကြွေးရာ ငရှည်နှင့် ငပုပါ လိုက်လံငိုဟစ်ကြသည်။

သူတို့သည် အသုဘအိမ်တွင် စားသောက်ပြီးနောက် ဆက်လက်ထွက်ခွာကြရာ နေအတော်စောင်းချိန်၌ ဆာလောင် မွတ်သိပ်လာကြသည်။ ထိုအတွက် အနီးဆုံးရွာထဲသို့ ပြေးဝင်လာကြသည်။ အခန့်သင့်ပင် မင်္ဂလာဆောင်တစ်ခုကို တွေ့သည်။ လှပစွာ ဆင်ယင်ထားသော သတို့သမီးကို ငပုက ပြေးဖက်သည်။

"အမယ်လေး...တူမရဲ့၊ အသေစောလို့ နှမြောလိုက်လေခြင်း၊ အီး...ဟီး"

ပရိသတ်မှာ ဟာခနဲ ဖြစ်သွားပြီး တစ်ယောက်တစ်ချက် ဝိုင်းဝန်းကန်ကျောက် ရိုက်ပုတ်ကြသည်။

"သည်းခံကြပါ ခင်ဗျာ၊ ထမင်းစားရအောင်လို့ လုပ်မိတာပါ"

"ထမင်းစားချင်ရင် အခုလို မင်္ဂလာပွဲမှာ နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်တင့်တယ် ကျက်သရေ ရှိပါပေတယ်။ သတို့သမီးကချော၊ သတို့သားက လှတယ် ဘာညာပြောရတယ်ဟဲ့"

လူမိုက်ကြီး သုံးယောက်သည် ထိုစကားကို မှတ်ထားပြီး ဆက်လက်ထွက်ခွာလာရာ မှောင်တရီတွင် ရွာတစ်ရွာသို့ ရောက်သည်။ ဝမ်းကလည်း ဟာလာသဖြင့် ရန်ဖြစ်နေသော လင်မယား၏အိမ်သို့ ဝင်ကာ တဟီးဟီး၊ တဟားဟား ရယ်မောကြသည်။ သတို့သားကလှ၊

mgyoe.com

mgyoe.com

သတို့သမီးက ချောပဟု ပြောသူက ပြောရာ အရိုက်ခံရလေ၏။

အကျိုးအကြောင်းသိရတော့မှ အိမ်ရှင်လင်မယားက ထမင်းကျွေးပြီး ဤသို့ သင်ကြားပေးလိုက်သည်။

"အခုလို မသင့်မတင့် ဖြစ်နေတာတွေ့ရင် နောင်ကြီးကလည်း ဒေါသကို ထိန်းပါ၊ အစ်မကလည်း လျှော့မှပေါ့၊ လင်နှင့်မယား လျှာနဲ့သွားပဲလေဆိုတာမျိုး ပြောရတယ်"

လူမိုက်ကြီး သုံးယောက်သည် ယင်းစကားကို အသေမှတ်ထားပြီး ထွက်ခွာလာကြသည်။ အခန့်သင့်ပင် သဲသဲမဲမဲ ခတ်တွေ့နေသော ကျွဲနှစ်ကောင်ကို တွေ့သည်။

"နောင်ကြီးက ဒေါသထိန်းမှပေါ့"

"အစ်မကြီးကလည်း လျှော့မှပေါ့"

"ဟုတ်ပါတယ်ဗျာ၊ လင်နဲ့မယား လျှာနဲ့သွားပဲ"

လူမိုက်ကြီး သုံးဦးမှာ ဤအကြိမ်တွင်ကား ထမင်းမစားရပါ။ ကျွဲနှစ်ကောင်ကြားတွင် ဝင်ရပ်မိသဖြင့် ကျွဲခတ်ခံရပြီး ဇာတ်သိမ်းလေ၏။

❐

mgyoe.com

mgyoe.com

"အခိုင်းအစေဆိုတာ သားအရင်းလောက်
ဘယ်မှာစေတနာထားမလဲဟဲ့။
နင့်ရှေ့မှာတော့ ပျာယာခတ်ပြမယ်။
နင်လည်း ကွယ်သွားရော
ဖြစ်ကတတ်ဆန်း ထိုးကြိတ်ပြီး
တော်စွလျော်စွ လုပ်မှာပေါ့ဟဲ့။
နင်ကလည်း ရှင်ဘုရင်ဖြစ်သွားတော့
မိဖုရားတွေ တစ်သောင်းလောက်နဲ့ ပျော်ပြီး
ငါ့အမေကို မေ့ထားမှာ"

[ တုမနိူင်းသာသည့် အမေ ]

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# တုမနိုင်းသာသည့် အမေ

ဝေသာလီပြည်၌ ခိုးမှုုး ငနန္ဒာသည် ဥဂ္ဂါသေန အမည်ခံကာ မင်းပြုချ၏။ ခိုးမှုုး ငနန္ဒာမင်းဆက်မှာ ကိုးဆက် ရှိသည်။ နောက်ဆုံးမင်းမှာ ဓနနန္ဒာမင်းဖြစ်သည်။ ပဋ္ဌမကမင်းကို ဖျက်ဆီးပြီး မင်းဖြစ်လာသော ခိုးမှုုး ငနန္ဒာမင်းဆက်မှာလည်း ဓနနန္ဒာမင်း လက်ထက်တွင် ဇာနက္ကပုဏ္ဏားဖျက်ဆီးသဖြင့် မင်းဆက်ပြတ်လေ၏။

ဓန နန္ဒာမင်းသည် ဝန်တို၏။ ဇာနက္ကပုဏ္ဏားသည် လောဘကြီး၏။ ဓနနန္ဒာမင်းသည် မိမိထက် ပညာကြီး၍ အငြိုးလည်းကြီး၊ ရက်လည်း ရက်စက်သော ဇာနက္ကပုဏ္ဏားအား ရန်ပြုမိသဖြင့် ပျက်စီးရခြင်းဖြစ်၏။

ဇာနက္ကပုဏ္ဏားသည် တက္ကသိုလ်ပြည်သား ပုဏ္ဏားတစ်ယောက်၏ သားဖြစ်သည်။ ငယ်စဉ်ကပင် အဖေ ကွယ်လွန်သွားသဖြင့် အမိအုပ်လျက် ကြီးရင့်ရသည်။ သူသည် ပုဏ္ဏားတို့ တတ်အပ်သော ပညာများကို ထူးချွန်စွာ တတ်မြောက်သော်လည်း အရုပ်ဆိုးလှသည်။

mgyoe.com

mgyoe.com


သူသည် ဓနနန္ဒာမင်း၏ သားတော်ကို ဥမင်လမ်းမှ ထုတ်ဆောင်ခိုးယူသွားပြီး စန္ဒဂုတ္တနှင့်အတူ ထားသည်။ စန္ဒဂုတ္တမှာ မင်းဖြစ်ထိုက်သူ ဖြစ်သည့်အတွက် ဓနနန္ဒာမင်း၏ သားတော်မှာ ပျက်စီးရသည်။

ဇာနက္ကပုဏ္ဏားသည် ဓနနန္ဒာမင်း၏သားတော် ပဗ္ဗတကို မွေးခဲ့သည်။ ဓန နန္ဒာမင်းအား ဖျက်ဆီးရန် အကြံဖြင့် ဖြစ်သည်။ သို့ရာတွင် စန္ဒဂုတ္တမှာ မုချ မင်းဖြစ်မည့်သူဟု သိသောအခါ ပဗ္ဗတကို ဖျက်ဆီးပစ်ခြင်း ဖြစ်သည်။ ငယ်စဉ်ကတည်းက အတူနေ အတူစားပြီး ပညာသင် ပေးခဲ့ရသော ပဗ္ဗတအား သံယောဇဉ် မရှိ။ မချစ်၊ မသနား။ ဓန နန္ဒာမင်း ပျက်စီးရေးအတွက် ဘာမဆိုလုပ်သည့် ဇာနက္ကပုဏ္ဏားပါပေ။

ထိုသို့ အရုပ်ဆိုးသမျှ၊ ရက်စက်သမျှ၊ အငြိုးကြီးသမျှ အကြံကြီးသော ဇာနက္ကသည် မိခင်အား အလွန်ရိုသေ၏။

သူသည် အရုပ်တကော၊ ရွာတကာသို့ လှည့်လည်ကာ ဗေဒင်ဟောသည်။ တောင်းရမ်းသည်။ အိမ်သို့ ပြန်ရောက်ချိန်တွင် မိခင်မှာ စိုးရိမ်ပူပန်စရာ မလိုတော့ပါ။ စားရန်အသင့်၊ အိပ်စရာအသင့် ဖြစ်ပြီ။

ဇာနက္ကသည် မိခင် ပုဏ္ဏေးမကြီး၏အပါးမှ မခွာ။ နင်းနှိပ်ပေးသည်။ နွေအခါ၌ ရေအေး၊ ဆောင်းမိုးအခါ၌ ရေနွေးဖြင့် ရေချိုးပေးသည်။ မိခင်အား အလွန်ရိုသေစွာ ပြုစုလုပ်ကျွေးသည်။

ဓနနန္ဒာမင်းအား ရန်ငြိုးမဖွဲ့မီက ဇာနက္ကမှာ လှည့်လည်တောင်းရမ်းသည့် အလုပ်သာရှိ၏။ ဓန နန္ဒာမင်းအား ရန်ငြိုးဖွဲ့ချိန်တွင် ပဗ္ဗတနှင့် စန္ဒဂုတ်ကို လျှို့ဝှက်စွာ မွေးမြူရသည်။ အတောင်းအရမ်းထွက်ရသည်။ မိခင်၌ပြုသော ဝတ်ကြီးဝတ်ငယ်များကိုလည်း ကျေပွန်

mgyoe.com

mgyoe.com


အောင် ထမ်းဆောင်ရသေးသည်။

တစ်နေ့သောအခါ ဇာနက္ကပုဏ္ဏားသည် အရပ်တကာလည်ပြီး ဗေဒင်ဟော၍ ရသော ဆန်ထုပ်၊ ဗေဒင်ဟော၍ရသော အသပြာများကို ပိုက်လျက် အိမ်သို့ ပြန်လာ၏။ အခါတိုင်းမူ အမေသည် "သား ပြန်လာပြီလား" မေး၏။ "နေပူလိုက်တာဟယ်၊ နေအေးမှ ပြန်ခဲ့ရောပေါ့" စသည်ဖြင့် မြည်တမ်းတတ်သည်။

ထို့နောက် အမေသည် "နေပူမှ ရောက်ရောက်ချင်း ရေမချိုးနှင့်" ဟု သတိပေးသည်။ သားစားရန်အတွက် အမေ ချက်ပြုတ် စီရင်ထားသော ထမင်းဟင်းများအကြောင်းကို ပြောမည်။ ဇာနက္ကကား အမေပြောသော ထမင်း ဟင်းရှိရာသို့ မသွားပေ။ အမေထံသို့ သွားသည်။ ခြေနှင့် နဖူးနှင့်ထိအောင် ဦးခိုက်ပြီးမှ "အမေ နေကောင်းလား၊ ထမင်းစားလို့ ကောင်းလား" စသည်တို့ မေးရင်း နှိပ်နယ်ပေးသည်။

ဤသည်မှာ ဇာနက္ကပြုနေကျ ဖြစ်သည်။

အမေသည် တစ်ခါတစ်ရံ၌ သားအား ကျီစယ်၏။

"နင် တစ်ယောက်တည်း ပြုစုရတာ ပင်ပန်းလှတယ်။ မယား ယူပါတော့လား"

"မဖြစ်ပါဘူး အမေရာ"

ပြောပြောဆိုဆို ဇာနက္က ထပြေးလျှင် အမေသည် ရယ်မောကာ ကျန်ခဲ့မြဲဖြစ်သည်။

ယနေ့သော်ကား တစ်အိမ်လုံး တိတ်ဆိတ်နေ၏။

"အမေ"

ထူးသံလည်း မပေါ်လာ။ ချိုးချိုးချွတ်ချွတ် လှုပ်ရှားသံပင် မကြားရ။

"ဗျို့... အမေ"

mgyoe.com

mgyoe.com

အိမ်သည် တိတ်မြဲ တိတ်ဆိတ်နေသည်။

ဇနက္ကသည် ဆန်အိတ်၊ ပဲအိတ်များကို ပစ်ချထားခဲ့ကာ အခန်းထဲသို့ ဝင်ကြည့်၏။ အမေ မရှိလေ။ ရေချိုးသည့်နေရာသို့ ဇာနက္က ပြေးလာပြန်သည်။ အမေ မရှိပါ။

"အိုဗျ... မွေးမေ"

"ဟဲ့...ငါ ဒီမှာ"

အမေ့အသံသည် ထွက်မည့်ထွက်တော့ မီးဖိုခန်းထဲမှ ထွက်လာ၏။ ဇာနက္က ဝမ်းသာအားရ ပြေးဝင်သွားသည်။

"ရှာလိုက်ရတာ အမေရာ"

ဇာနက္ကသည် ဝမ်းသာအားရ ဆက်မပြောနိုင်။ အမေ့မျက်နှာတွင် မျက်ရည်တွေ လူးနေသဖြင့် ဖြစ်သည်။

"အမေ...ဘာပြုလို့ ငိုတာလဲ၊ နေမကောင်းလို့လား"

"လူတွေက နင်ဟာ ရှင်ဘုရင် ဖြစ်မှာတဲ့ဟဲ့"

"သား... ရှင်ဘုရင်ဖြစ်ရင် အမေ့မှာ အခိုင်းအစေတွေ တစ်လှေကြီးနဲ့ အိမ်ဖြူပြာတင်း ရွှေချမှာနေပေါ့ အမေရ။ ယပ်ခတ်ပေးသူ၊ အယားဖျောက်ပေးသူ၊ စာဖတ်ပြသူတွေ ဝိုင်းနေမှာ"

ဇာနက္ကသည် ဝမ်းသာအားရ ပြော၏။ အမေမူ ဝမ်းသာဟန်မပြ။

"အခိုင်းအစေဆိုတာ သားအရင်းလောက် ဘယ်မှာ စေတနာထားမလဲဟဲ့။ နင့်ရှေ့မှာတော့ ပျာယာခတ်ပြမယ်၊ နင်လည်း ကွယ်သွားရော ဖြစ်ကတတ်ဆန်း ထိုးကြိတ်ပြီး တော်စွလျော်စွ လုပ်မှာပေါ့ဟဲ့။ နင်ကလည်း ရှင်ဘုရင်ဖြစ်သွားတော့ မိဖုရားတွေ တစ်သောင်းလောက်နဲ့ ပျော်ပြီး ငါအမေကို မေ့ထားမှာ"

အမေသည် ပြောပြောဆိုဆို ဟီးတိုက်ပြီး ငိုလေ၏။

mgyoe.com

"နေပါဦး အမေရဲ့၊ အမေ့သား မင်း ဖြစ်မယ်လို့ ဘာကို ကြည့်ပြီး ပြောကြတာတုံး"

"ငါ့သားမှာ မင်းစွယ်ပါတယ်၊ ဘယ်ဘက်အပေါ်သွားထောင့်က သွားချွန်ချွန်ကလေးဟာ လူတိုင်းမှာ မပါဘူး။ မင်းဖြစ်မယ့် သူမှသာ ပါတာ"

ဇာနက္ကသည် ရေအိုးတစ်လုံးတွင် သူ့မျက်နှာကို ကြည့်၏။ ကျောက်ခဲတစ်လုံးဖြင့် အမေပြောသော မင်းစွယ်ကို ရိုက်ချိုးသည်။ သွေးစက်စက်ကျသော သွားကို လက်ဝါးပေါ်တင်ပြီး အမေ့ကို ပြသည်။

"ဒီသွားလား အမေ"

"ဟုတ်တယ်၊ ဟင်...ငါ့သား မင်းစွယ်ကို ချိုးပစ်ရင် ဘယ်မှာ မင်းဖြစ်တော့မှာလဲ"

ဤသို့ ဖြစ်လာသောအခါတွင် အမေသည် ထိတ်လန့်စိုးရိမ်စွာ မေးသည်။ သို့ရာတွင် ဇာနက္ကသည် အပြုံးမပျက်။

"အမေကို လုပ်ကျွေးပြုစုနေတဲ့ ဇာနက္ကပုဏ္ဏားက ရှင်ဘုရင် ဇာနက္ကထက် မြင့်မြတ်တယ် အမေရဲ့။ ကဲ...အမေ ကျေနပ်ပြီ မဟုတ်လား"

ဇာနက္ကအတွက် အမေ အငိုတိတ်ရေး၊ အမေ စိတ်ချမ်းသာဖို့သာ ပဓာနဖြစ်သည်။

သို့သော် နဂိုက အကျည်းတန် အရုပ်ဆိုးသော ဇာနက္ကမှာ လူမြင်ကွင်း၌ သွားပေါင်းလောင်းဖြစ်နေသောကြောင့် ပို၍ အကြည့်ရဆိုးသွားလေ၏။ ဤသို့ ဖြစ်စေကာမူ လူအများသည် ပို၍ အကျည်းတန် အရုပ်ဆိုးသော ဇာနက္ကအား ရှေးကထက် လိုလို လားလား ရှိလာကြသည်။ ခင်မင်လာကြသည်။

mgyoe.com

mgyoe.com


အကြောင်းသော်ကား "မိခင် စိတ်ချမ်းသာရေးအတွက် မင်းစွယ်ကို ရိုက်ချိုးပစ်သူ"ဟူသည့် သတင်းက ရပ်ဝေးရပ်နီးရှိ လူများထံသို့ ပျံ့နှံ့သွားသောကြောင့်ပေတည်း။

❐

mgyoe.com

mgyoe.com

"ငါဟာ မြေခွေးဘဝကလာတဲ့ ကျားဆိုတာကို
ဘယ်ကျားကမှ မသိဘူး။
ကျားအစစ်ပဲလို့ အားလုံးက ထင်နေကြတယ်။
ငါဟာ ကျားအတု၊
မြေခွေးကလာတဲ့ ကျားဆိုတာ
သိသူဆိုလို့ တစ်ယောက်တည်းပဲရှိတယ်။
အဲဒီတစ်ယောက်ကတော့ ရသေ့ကြီးပဲ"

[ မြေခွေးတစ်ကောင် ]

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# မြေခွေးတစ်ကောင်

တစ်ခါတုန်းက တောကြီးတစ်တောအတွင်း၌ ရသေ့ကြီး တစ်ပါးသည် တောင်တစ်တောင်ကို အမှီပြုလျက် နေထိုင်သည်။

ရသေ့ကြီးသည် တောင်တွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော လိုဏ်ဂူအတွင်း၌ နေထိုင်သည်။ ထိုတောင်မှထွက်သော စိမ့်ရေကို သောက်သုံးသည်။ တောင်ပေါ်သို့ တက်ကာ သစ်မြစ်၊ သစ်ဥနှင့် သစ်ဖု များကို စားသုံး၏။ သို့ကြောင့် ထိုတောင်ကို အမှီသဟဲ ပြုနေသည်ဟု ဆိုခြင်းဖြစ်၏။

ရသေ့သည် လိုဏ်ဂူအတွင်း၌ နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ။ လူသူအရောက်ပေါက် အလွန်နည်းပါး သောကြောင့် အေးဆေးစွာ တရားအားထုတ်ခွင့်ရသည်။ သို့အတွက် အဘိညာဉ်တန်ခိုးကို ရရှိနေပြီ။

မကြာမီ မြေခွေးတစ်ကောင်သည် ရသေ့ကြီးထံသို့ လာရောက် ခစား၏။

ခစားသည်ဆိုခြင်းမှာ ဤသို့ ဖြစ်၏။

မြေခွေးသည် ရသေ့ကြီးအတွက် အနှောင့်အယှက်မဖြစ်သော

mgyoe.com

mgyoe.com


နေရာ၌ ငြိမ်သက်စွာ ဝပ်နေသည်။ ရသေ့ကြီးက မိမိအားကြည့်လျှင် အမြီးလှုပ်ပြသည်။ ရသေ့ကြီး သစ်သီးရှာရန် ထွက်သွားလျှင် အတန်ဝေး သည်အထိ လိုက်လာပြီးမှ လိုဏ်ဂူသို့ ပြန်သွားသည်။ သစ်သီးရှာဖွေရာမှ ရသေ့ကြီး ပြန်လာလျှင်လည်း မြေခွေးသည် အမြီးျတနန့်နန့်ဖြင့် ပြေးပြီး ကြိုဆိုသည်။

ရသေ့ကြီးသည် မြေခွေး၏ အပြုအမူကို အမှတ်မဲ့မနေပေ။ ဤမြေခွေးသည် စားကြွင်းစားကျန် စားလို၍လော။ လေမိုးလုံခြုံသော လိုဏ်ဂူအတွင်း၌ ကပ်ရပ်ပြီး နေထိုင်လို၍လော။ သို့တည်းမဟုတ် ကျား၊ ကျားသစ်၊ ဝက်ဝံတို့၏ ရန်မူမှုမှ စိုးရိမ်သောကြောင့် အဟန့်အတားရရန် ချဉ်းကပ်လာခြင်းလော။

ရသေ့ အကဲခတ်သော်လည်း မြေခွေး၌ ကောင်းမွန်သော အိမ်ရာဟောင်း၊ နေရာဟောင်း ရှိဟန်တူသည်။ ရသေ့ကြီးအိပ်ရာမှ နိုးပြီးမှ ဂူဝသို့ ရောက်လာလေ့ရှိသည်။ ရသေ့က သစ်သီး၊ သစ်ဥကို မှီဝဲသည်။ မြေခွေးက သူ့အသက်ကို စားသည်။ ထို့ကြောင့် စားကြွင်း စားကျန်ကို မျှော်ပြီး ခစားလာခြင်း မဟုတ်ပေ။

တစ်နှစ် ပြည့်မြောက်ခဲ့ပြီ။

ရသေ့ကြီး၏ ထံတော်ပါးသို့ မြေခွေး လာရောက်ပြီး ခစားသည်မှာ တစ်နှစ်တင်းတင်း ပြည့်သောနေ့တွင် ရသေ့ကြီးက မေးမြန်းတော်မူ၏။

"ဟဲ့...မြေခွေး၊ နင် ငါ့ဆီလာပြီး ခစားတာဟာ ဘာကြောင့်လဲ"

"အရှင်ရသေ့ကြီး၊ ကျွန်တော် ကျားရဲဖြစ်ချင်ပါတယ် ဘုရား"

"ကျားရဲဖြစ်ချင်ရင် ဖြစ်စေသတည်း"

သေးငယ်သော အမြီးဖွားဖွားနှင့် မြေခွေးသည် တစ်မုဟုတ်ချင်း အတွင်း၌ ကြီးမားထွားကျိုင်းသော ကျားရဲကြီး ဖြစ်သွားလေ၏။ သို့တစေ

mgyoe.com

mgyoe.com


စိတ်မှာကား ခွေးစိတ်သာရှိသေးသဖြင့် မြေခွေးကျားသည် တောထဲသို့ မရဲတရဲ ဝင်ခဲ့လေ၏။

ယခင်အခါ မြေခွေးကို အရေးမထားခဲ့သော သမင်များသည် အုပ်လိုက်၊ စုလိုက် ထွက်ပြေးကြသည်။ ဒရယ်၊ ချေ၊ ဆိုင်၊ ဆတ်၊ ဝက်၊ နွားနှင့် ဆိတ်များလည်း ကြောက်ရွံ့စွာ ပြေးကြသည်။

"သြော်…ငါဟာ တကယ်ပဲ ကျားရဲ ဖြစ်လာပါပြီကော"

မြေခွေးသည် ထိုအခါတွင်းမှ ကျားများနေထိုင်သော တောအုပ်အတွင်းသို့ စိတ်ချလက်ချ ဝင်ရောက်လာခဲ့လေသည်။ သူသည် ရသေ့ကြီး၏ အရှိန်အဝါကြောင့် အခြားကျားများ၏ ရိုသေခြင်းကို ခံရ၏။ ကြောက်ရွံ့လေးစားခြင်းကိုလည်း ခံယူရရှိ၏။

မြေခွေးကျားမှာ ကျားမတစ်ကောင်နှင့် အတူနေထိုင်၏။ သူ့အား မြေခွေးတစ်ဖြစ်လဲ ကျားဟု မည်သူမျှ မသိ။ မည်သည့် ကျားထီး၊ ကျားမကမျှ သင်္ကာမကင်း မဖြစ်ကြ။ ကျားအိုကြီးများကမူ အခြားတော တစ်တောမှ မျက်စိလည်လမ်းမှားလာသော ကျားတစ်ကောင်ဟူ၍သာ ထင်မှတ်နေကြလေ၏။

သို့ရာတွင် မြေခွေးကျားမှာမူ "ငါဟာ ခွေးပါတကား"ဟူသည့် စွဲလမ်းစိတ်ကြီး ဖိစီးနှိပ်စက်နေ၏။

မကြာမီ ကျားမမှ ကျားကလေးနှစ်ကောင် မွေးဖွားလာ၏။ သူသည် ကျားကလေးတွေအား ချစ်ခင်တွယ်တာ၏။ ကျားမကိုလည်း ခင်မင်မြတ်နိုးသည်။ တစ်နေ့သောအခါတွင် သူသည် ကျားကလေးတွေကို တစိမ့်စိမ့်ကြည့်ရင်း ဤသို့ စဉ်းစားမိလေသည်။

"ငါဟာ မြေခွေးဘဝကလာတဲ့ ကျားဆိုတာကို ဘယ်ကျားကမျှ မသိဘူး။ ကျားအစစ်ပဲလို့ အားလုံးက ထင်နေကြတယ်။ ငါဟာ ကျားအတု၊ မြေခွေးကလာတဲ့ ကျားဆိုတာ သိသူဆိုလို့ တစ်ယောက်

mgyoe.com

mgyoe.com


တည်းပဲ ရှိတယ်။ အဲဒီတစ်ယောက်ကတော့ ရသေ့ကြီးပဲ"

ရသေ့ကြီးကား တရားအလုပ်ဖြင့် မွေ့လျော်နေသောကြောင့် မြေခွေးအား သတိမရချေ။ သို့အတွက် သူသည် တစ်ရံတစ်ခါက မြေခွေးတစ်ကောင်အား ကျားအဖြစ်သို့ ပြောင်းလဲပေးခဲ့ဖူးကြောင်း မှတ်မိကောင်း မှတ်မိပေလိမ့်မည်။

သို့ရာတွင် မြေခွေးကျားကား ရှင်ရသေ့၏ မြင့်မြတ်သော ဘဝကို နားမလည်ချေ။ မသိချေ။

"ငါဟာ ကျားအစစ် မဟုတ်ဘူးဆိုတာကို ရသေ့ကြီးကသာ ပြောလိုက်ရင် ငါချစ်တဲ့ ကျားမက ငါ့ကို ကိုက်သတ်မှာ။ ငါ မြတ်နိုးတွယ်တာတဲ့ သားသမီးတွေကလည်း ငါ့ကို အရေးလုပ်ကြတော့မှာ မဟုတ်ဘူး။ ဒါကြောင့် ရသေ့ကြီးကို ကြိုတင်တောင်းပန်ထားရရင် ကောင်းမလား"

မြေခွေးကျားမှာ စိတ်မအေးတိုင်း တောင်တွေးမြောက်တွေး တွေးတောလျက် နေမထိ ထိုင်မသာ ဖြစ်နေချေသည်။

ထိုအခါ ကျားမက ပြော၏။

"ရှင့်ကို ကျွန်မ အကဲခတ်နေတာ ကြာပြီ။ တောင်ခြေဘက်ကို ပြေးသွားလိုက်၊ ပြန်လာလိုက်။ တောစပ်ကို ပြေးသွားလိုက်၊ တစ်ခုခုကို မျှော်ကြည့်ပြီး ပြန်လာလိုက်။ ထိုင်ပြီး မှိုင်လိုက်နဲ့ ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

ကျားမက ကြင်နာစွာ မေးလေလေ မြေခွေးကျား၏ ရင်ထဲမှာ မချိလေလေ ဖြစ်ရတော့သည်။

"မဟုတ်ပါဘူးကွာ၊ ဆင်နဲ့ရသလားလို့ပါ"

မြေခွေးသည် ကျားမ ကျေနပ်စေရန် လိမ်လည်ဖြေလိုက်ပြီး နောက် ရှင်ရသေ့ မှီတင်းနေထိုင်ရာ လိုဏ်ဂူသို့ အလျင်အမြန်လာခဲ့လေ၏။

mgyoe.com

mgyoe.com


"မဖြစ်ဘူး၊ ငါ့ဇနီးက အမြဲတမ်း အကဲခတ်နေတာ။ ဒါဟာ မသင်္ကာလို့ ဖြစ်ရမယ်၊ တစ်နေ့နေ့မှာ ရှင်ရသေ့ကို ငါခစားဖူးတာ ကျားမ သိမယ်။ သိရင် ရှင်ရသေ့ကို မေးလျှောက်မယ်။ ရှင်ရသေ့က အမှန် အတိုင်း ဖြေလိုက်ရင် ငါ့ရဲ့ ခွေးဇာတိ ပေါ်တော့မယ်။ ဒါကြောင့် ငါ့ဇာတိ ကိုသိတဲ့ တစ်ဦးတည်းသော သက်သေကို လက်စဖျောက်တဲ့ အနေနဲ့ ကိုက်သတ်ပစ်မယ်"

သို့သော် မြေခွေးကျားသည် ရှင်ရသေ့အား ကိုက်ခွင့်မကြုံပါ။

လိုဏ်ခေါင်းဝသို့ မြေခွေးကျားသည် ရောက်သွားချိန်နှင့် ရှင်ရသေ့ထွက်လာချိန်တို့ တစ်ပြိုင်နက်တည်း ဖြစ်သည်။

"ဟဲ့... ခွေး၊ ငါ့ဆီကို ဘာလာလုပ်တာတုံး"

ရှင်ရသေ့၏ မေးသံအဆုံးတွင် တုတ်သောအမြီးရှိသည့် နှုတ်ခမ်းမွေးကားကားနှင့် ပြောက်တိပြောက်ကျား သတ္တဝါကြီးသည် အမြီးဖွာဖွာ၊ နှုတ်သီးချွန်ချွန်နှင့် သေးငယ်သော မြေခွေးအဖြစ်သို့ ဖြုတ် ချည်း ပြောင်းလွဲသွားလေ၏။

မြေခွေးသည် သူ့ကိုယ်ကို ငုံ့ကြည့်ရာ အမှားကို ချက်ချင်း သတိရသည်။

"အရှင်ဘုရား၊ တပည့်တော်ရဲ့အမှားကို ဝန်ချတောင်းပန် ပါတယ် ဘုရား"

သို့ရာတွင် ရှင်ရသေ့ကား တောင်ပေါ်သို့ ကြွသွားပြီ။ မြေခွေးသည် အတင်းပြေးလိုက်သော်လည်း ရှင်ရသေ့ကို မတွေ့ရတော့ပါ။ မြေခွေး လက်မလျှော့ပါ။ ထပ်မံတောင်းပန်ရန်အတွက် တောင်ပေါ်အနှံ့ လိုက်လံ ရှာဖွေသည်။ ရှင်ရသေ့အား အရိပ်အယောင်သော်မျှ မမြင်တွေ့ရပါ။

ထိုသို့ဖြစ်သဖြင့် လိုဏ်ဂူဝသို့ ပြန်လာပြီး ရှင်ရသေ့အား စောင့်ဆိုင်းရင်း အားရပါးရ တောင်းပန်မည်ဟု အားခဲထားသည်။ သို့ရာ

mgyoe.com

mgyoe.com


တွင် ရသေ့ကြီးကား လိုဏ်ဂူသို့ ပြန်မအိပ်ပါ။

မြေခွေးသည် တစ်ရက်သော် ရှင်ရသေ့ ပြန်လာနိုး၊ နှစ်ရက်သော် ရှင်ရသေ့ ပြန်လာနိုး မျှော်ကိုးလျက် စောင့်စားသည်။ ထူးကဲတဲ့ ကျားရဲ့အဖြစ်ကို ရှင်ရသေ့ရဲ့ ကျေးဇူးကြောင့် ရပါလျက်နဲ့ မပြစ်မှားသင့်တဲ့ ကျေးဇူးရှင်ကို ပြစ်မှားမိပါကလား"ဟု မချိတင်ကဲ တွေးမိသည်။ ဓနီးနှင့် ကလေးများထံသို့ မပြန်ရဲသဖြင့် လိုဏ်ဂူဝတွင်သာ တအူတည်းအူ၊ တညည်းတည်း ညည်းတွားရင်း ရင်ကွဲပြီး သေလေ၏။

❐

mgyoe.com

mgyoe.com

"ဟဲ့. . .တောတွင်းသား၊
နင်ကသာ နတ်ကွန်းမဟုတ်ဘူး ဆိုပေမဲ့
စားဖွယ်တွေ၊ ပန်းတွေ နတ်တင်ထားတာ
တွေ့ရပါကလားဟဲ့"
"အကြောင်းမှန်ကို မသိရှိတဲ့ ခရီးသွားတွေက
နတ်ရုပ်ထင်ပြီး သွားရင်းလာရင်း
တင်မြှောက်သွားကြခြင်းဖြစ်ကြောင်းပါ။
ယုံကြည်တော်မမူပါက အုတ်နတ်ကွန်းကိုဖျက်ပြီး
မြေကြီးထဲမှာ တူးဖော်ကြည့်တော်မူပါ ဘုရား"

[ စာတိုညို ]

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# စာတိုငည့်

ရတနာပူရ အင်းဝရွှေနန်းကို မင်းကြီးစွာစော်ကဲ စိုးစံအုပ်ချုပ် မင်းလုပ်တော်မူပြီး မကြာမီ သျှိသျှား (မိတ္ထီလာ)စားထံမှ တင်လျှာ ရောက်လာသည်။ တင်လျှာမှာ သျှိသျှား (မိတ္ထီလာ)ကန်ကြီး ကျိုးပေါက် ကြောင်း သံတော်ဦးတင်ခြင်း ဖြစ်၏။

လယ်မြေများကို ရေပေးရာတွင် အရေးပါသော ကန်တော် ကြီးကို သျှိသျှားစားသည် ဂရုပြုကာ စောင့်ရှောက်ခဲ့၏။ မိုးသည်းထန် သောအခါများတွင် နေ့ကင်း၊ ညကင်းထားပြီး ကြည့်ရှုခဲ့သည်။ သို့ ရာတွင် ရေအားများသောအခါ ရှိသောအစောင့်အရှောက်အင်အားဖြင့် မတားဆီးနိုင်။ ကန်တော်ကြီး ကျိုးပေါက်လေတော့သည်။

သို့ကြောင့် ကန်တော်ကြီး ကျိုးပေါက်လျှင် ကျိုးပေါက်ချင်း တင်လျှာပို့ခြင်း ဖြစ်ပေသည်။

မင်းကြီးစွာစော်ကဲသည် သာသနာပြုမင်း၊ တိုင်းပြု၊ ပြည်ပြု မင်း ဖြစ်သည်။ သို့ကြောင့် ဆည်မြောင်းချောင်းကန်များ ကောင်းမွန် ရေးကို အခါမလတ် ကြောင့်ကြစိုက်တော်မူခဲ့သည်။ ယခုလည်း သျှိသျှားစားထံမှ တင်လျှာ ရလျှင်ရချင်း ဗိုလ်ပါအလုံးအရင်းဖြင့် ချီတက်

mgyoe.com

mgyoe.com


တော်မူလာလေ၏။

ရတနာပူရ အင်းဝ စစ်သည်တော်များသည် တစ်ပြည်သားတို့ မခန့်မညား ပြုလာချိန်တွင် ဓားလှံကိုင်ကြ၏။ ယခု ဓား၊ လှံ၊ လေး၊ မြား မလိုအပ်ချိန်ဝယ် ပေါက်တူး၊ ပေါက်ပြား၊ တူးရွင်း၊ ငန်းပြားကို ကိုင်ကြသည်။ မီးစည်း၊ မီးတုတ်တွေထွန်း၊ မီးဖိုကြီးတွေ ဖိုပြီး နေ့မအား၊ ညမအား ဆည်ဖို့ကြသည်။ ယိုယွင်းသောနေရာများကို ပြင်ဆင်ကြသည်။

ဗိုလ်ထုအင်အားဖြင့် ဆည်ဖို့မွမ်းမံပြင်ဆင်ပြီးသော ကန်တော်ကြီးကို ဘုရင်မင်းမြတ် ထွက်စံရှုစားတော်မူစဉ် စိတ်ဝင်စားဖွယ်တစ်ခုကို တွေ့ရသည်။ ယင်းမှာ ကန်ပေါင်တစ်နေရာရှိ အုတ်ပြာသာဒ်နှင့် နတ်ရုပ်ဖြစ်သည်။ နတ်ရုပ်ရှေ့တွင်လည်း ခြောက်သွေ့နေသော ပန်းများ၊ လန်းလန်းဆန်းဆန်း ပန်းများ၊ အသီးအနှံများလည်း ရှိသည်။ အနီးအနား ကျေးရွာများမှ လာရောက်ပသထားကြသည့် လက္ခဏာဖြစ်သည်။

"မောင်မင်းများ သည်နတ်ကွန်းဟာ ဘယ်နတ်ကို ရည်စူး၍ တည်ထားတဲ့ နတ်ကွန်းလဲ။ ဘယ်တုန်းက ဘယ်သူ တည်ထားခဲ့တာလဲ"

ဤကန်တော်ကြီးနှင့် အပတ်သက်ဆုံးမှာ သျှိသျှားမြို့စား ဖြစ်သည်။ ဘုရင်မင်းမြတ်၏အမေးကို မြို့စားမသိ။ မသိသောကြောင့် မြို့သူကြီးအား လှမ်းကြည့်နေ၏။ မြို့သူကြီးလည်း မသိပါ။

"မောင်မင်းတို့ မသိကြဘဲကိုး။ ရပ်ရွာမှာ သက်ကြီးရွယ်အို အဘိုး၊ အဘွားတွေ ရှိစမြဲ ဖြစ်တယ်။ မောင်မင်းတို့ ချဉ်းကပ်ပြီး မမေးမြန်းကြဘူးလား"

"သက်ကြီးရွယ်အိုများထံ ဆည်းကပ်ပြီး မေးမြန်းပေမဲ့ ပြောနိုင်

mgyoe.com

mgyoe.com


သူ မတွေ့ခဲ့ရကြောင်းပါ ဘုရား"

ဘုရင်မင်းမြတ် အလိုတော်မကျကြောင်း မျက်နှာရိပ် မျက်နှာကဲ အရ ပေါ်လွင်နေ၏။ သို့အတွက် မြို့သူကြီးက ကြောက်ရွံ့စွာ လျှောက်ထား၏။

"မှန်လှပါ ဘုရား၊ "ဝန်ဇင်း" ရွာသူကြီးရဲ့ သမက်ကတော့ စာတိုပေစများ အစုအဆောင်း အလေ့အလာများပြားတဲ့အတွက် သိကောင်းသိပါလိမ့်မယ် ဘုရား"

"ရှေ့တော်မှောက်သို့ အမြန်ခေါ်စေ"

မြို့စားကြီး တင်လျှောက်သော ဝန်ဇင်းရွာသူကြီး၏ သမက်မှာ "ငညို" ဖြစ်၏။ သူသည် အမှန်ပင် စာပေဗဟုသုတ လိုက်စားသူ ဖြစ်၏။ ထိုသူနှင့် သူကြီး၏သမီး ချစ်ကျွမ်းဝင်သောအခါ သူကြီးက သဘောမတူ။ သူကြီး သဘောမတူခြင်းမှာ ငညို၏ ဝါသနာကြောင့် ဖြစ်သည်။

သူကြီး၏အမြင်မှာ "တောသူ တောင်သားသည် ကျွဲ၊ နွားကို နားလည်ရမည်။ ကျွမ်းကျင်စွာ ကိုင်တွယ်တတ်ရမည်။ လယ်ယာလုပ်ငန်းကို ခါးချိုးပြီး လုပ်တတ်ရမည်။ လယ်ယာလုပ်ငန်းချိန်၏ အပတွင် ထန်းတက်ရမည်။ တောတက်ပြီး ထင်းခုတ်ရမည်။ အချိန်အားပါက ခွေးတစ်အုပ်နှင့် တောလိုက်တတ်ရမည်။ စာတိုပေစ ဖတ်မှတ်နေရန် မလို၊ စုဆောင်းနေရန် မလို"ဟူ၍ ဖြစ်သည်။

ငညိုကား သူကြီးက မလိုဟုထင်သော ကိစ္စများကို လုပ်သူ ဖြစ်၏။ သူ့အိမ်တွင် ပုရပိုက်တွေ၊ ပေထုပ်တွေ၊ ပေစာ အကျိုးအပဲ့တွေ ရှိသည်။ ပုရပိုက်အမည်းတစ်ဆူကို ကိုင်ကာ ဟိုဟာရေး၊ သည်ဟာ မှတ် လုပ်သည်။ ဤသည့်ကို အကြောင်းပြုလျက် 'စာတို ညို'ဟု ရပ်ရွာက ကင်ပွန်းတပ်ထား၏။

mgyoe.com